# မကြီးကုန်းကျေးရွာ
# ဥယျာဉ်ကျစ်ကျေးရွာအုပ်စု၊ပွင့်ဖြူမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာအုပ်(၂၀၂၃-၂၀၂၇)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
မကြီးကုန်းကျေးရွာ၊ပွင့်ဖြူမြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

မာတိကာ

၂၀၂၃ခုနှစ်၊ စက်တင်ဘာလ

**၁။ စကားချီး**

**၂။ မကြီးကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊**
**ရာသီခွင်ပြ ပြက္ခဒိန်၊ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ၊ပွင့်ဖြူမြို့နယ်**

**၃။ တည်နေရာနှင့် ပထဝီဝင် အနေအထား**

**၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

**၅။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

**၆။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

**၇။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

**၈။ ပညာရေး**

**၉။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**၁၀။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**၁၁။ ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**

**၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

နောက်ဆက်တွဲ(၄) နှစ်အလိုက်စီမံချက်များစာရင်း

နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁)


## စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ မကြီးကုန်း ကျေးရွာ၏ ကျေးရွာသူ/ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုး

တိုးတက်ရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နှင့် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်ကိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက် အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ ပြုစုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေ

အနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

စက်တင်ဘာလ ၂၀၂၃ခုနှစ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

မကြီးကုန်းကျေးရွာ၊ ပွင့်ဖြူမြို့နယ်




CS CamScanner ဖြင့် စကင်ဖတ်ထားသည်


ရက်စွဲ၊ ၂၂-၇-၂၀၂၃
အညွှန်း
ရေးဆွဲသူ - မကြီးကုန်း ကျေးရွာသူ/သားများ

ဥယျာဉ်ကျွန်ကျေးရွာအုပ်စု ၊ မကြီးကုန်းကျေးရွာ

အဖွဲ့အစည်း ချိတ်ဆက်ပုံ




ရေးဆွဲသူ → မကြီးကုန်းကျေးရွာသူ / သား များ

CS CamScanner ဖြင့် စကင်ဖတ်ပါ

## ၃။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပွင့်ဖြူမြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင်တည်ရှိ၍ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်တွင် တည်ရှိပါသည်။ ပွင့်ဖြူမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ်နှင့် ၁၇ ဒီဂရီ ၂၃ မိနစ်ကြား၊ အရှေ့လောင် ဂျီ တွဒ် ၉၅ ဒီဂရီ ၂၈ မိနစ် နှင့် ၉၅ ဒီဂရီ ၅၃ မိနစ် ကြားတွင် တည်ရှိပါသည်။

ပွင့်ဖြူမြို့နယ်သည် အရှေ့ဘက်တွင် ရေနံချောင်းမြို့နယ်နှင့်အနောက်ဘက်တွင် ငဖဲမြို့နယ်၊တောင်ဘက်တွင် မင်းဘူးမြို့နယ်နှင့် မြောက်ဘက်တွင် စလင်းမြို့နယ် တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါသည်။

မကြီးကုန်းကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသ ဖြစ်ပါသည်။ ဥယျာဉ်ကျစ်ကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ပွင့်ဖြူမြို့နယ်နှင့် (၁) မိုင် ခန့်ကွာဝေးပါသည်။

ပတ်ဝန်းကျင်ကျေးရွာများမှာ ဇမ္ဗူအေးကျေးရွာ၊ ဥယျာဉ်ကျစ်ကျေးရွာ၊ ရောက်တောကျေးရွာ တို့ဖြစ်ပါသည်။ မကြီးကုန်းကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်း အဓိကလုပ်ကိုင်သော ဒေသတစ်ခုလည်းဖြစ်သည်။

## ၄။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပွင့်ဖြူမြို့နယ် မြေပြန့်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှု နည်းသော ဒေသဖြစ်ပါသည်။ ပွင့်ဖြူမြို့နယ်သည် မျှတသော ရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် မှာ၂၉.၂၂ံC ရှိပြီး အနိမ့်ဆုံး ဧပြီလတွင် ၂၃.၉၇ံC ဖြစ်ပါသည်။ တစ်နှစ်ပျှမ်းမျှမိုးရွာရက် (၁၀၈)ရက်ရှိပြီး ပျမ်းမျှ မိုးရေချိန်မှာ (၈၈.၁၉)လက်မ ဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်းသော လမှာ စက်တင်ဘာလ နှင့်နိုဝင်ဘာလများ ဖြစ်ပါသည်။

မကြီးကုန်းကျေးရွာသည် ရာသီဥတုမမှန်ကန်ခြင်း၊ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာ သုံးစွဲမှုများ စနစ်မကျခြင်းများကြောင့် မြေဆီသြဇာခမ်းခြောက်မှုများရှိလာပါသည်။ စိုက်ခင်းများ၌ ဖျက်ပိုးနှင့် ရောဂါများ ကျရောက်ခြင်း ထိန်းချုပ်မှု အားနည်းပါသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း စနစ်တကျ ဆောင်ရွက်ရန်လိုအပ်သောကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်သင့်ပါသည်။

လယ်ယာမြေ အသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်ပါသည်။ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက(၉၄.၂၆)ဧက ရှိပြီး စပါးကိုသာ အဓိက စိုက်ပျိုးကြပါသည်။

## ၅။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုဗဟိုပြုအဖွဲ့အစည်းများတွင် **ကျေးရွာစီမံ**အုပ်ချုပ်ရေးအဖွဲ့(ကျား-**၁**)ဦး၊ **လူငယ်**အဖွဲ့(ကျား-**၁၀**)ဦး၊ ကျောင်းကော်မတီ(ကျား-၅ဦး၊မ-၄ဦး)**အရန်မီးသတ်တပ်ဖွဲ့(ကျား-၃)၊** ကျောင်းကော်မတီ(ကျား-**၃**)ဦး၊ **ယခုအခါ** ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

## ၆။ စီပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

မကြီးကုန်းကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ (၅၅)ရှိပါသည်။ ကျေးရွာတွင် ၂.၅ အောက်(၃၅)စု၊ ၂.၅ကေမှ ၅ကေ ကြားရှိ တောင်သူငယ်(၃၀)အိမ်ထောင်စု၊ ၅ကေမှ ၁၂.၅ကေကြားရှိတောင်သူလတ်(၁၀)အိမ်ထောင်စု၁၂.၅ကေအထက်မှာအိမ်ထောင်(၆)စု စသည်တို့ရှိကြသည်။အဓိအားဖြင့် စပါးကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် (၅၅) အိမ်ထောင်စုခန့်ရှိပြီး အများစုသည် စိုက်ပျိုးရေးအလုပ်သမားများနှင့် ကျပန်းအဖြစ် လုပ်ကိုင်စားသောက်ကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မဲဇလီရေလွှဲဆည်မှရေကိုသာ အဓိက အသုံးပြုစိုက်ပျိုး လုပ်ကိုင်နေကြပြီး ရာသီအလိုက် ရေကိုလုံလောက်စွာ ရရှိပါသည်။ ကျေးရွာရှိ စိုက်ပျိုးတောင်သူများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် နှင့် ထွန်စက်အနည်းငယ်ရှိပြီး အများစုမှား ငှားရမ်းလုပ်ကိုင်သော တောင်သူများဖြစ်ပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့်ဓါတ်တုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် အခြားဓါတ်ဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း ပျဉ်းမနားမြို့နယ်၊ အာဟာရသုဈေးတွင် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် တောင်သူကိုယ်တိုင်ဖြစ်စေ၊ ကုန်သည် ပွဲစားများမှ ဖြစ်စေ ရောင်းချနိုင်ကြပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် တစ်ပိုင်တစ်နိုင်ကြက်မွေးမြူထားသည့် အိမ်ထောင်စု(၃၅)စု၊ ဝက်မွေးသည့် အိမ်ထောင်စု(၁၇)၊ နွားမွေးမြူ ထားသည့် အိမ်ထောင်စု(၁၇)စု၊ စသည်ဖြင့် လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပါတ်သတ်သည့် နည်းပညာများမရှိသဖြင့် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပါတ်သက်သည့် အတွေ့အကြုံ အသိပညာများ အားနည်းကြပါသည်။

**(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

မကြီးကုန်းကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများမှာ ဈေးဆိုင်၊ အရောင်းအဝယ်များ လုပ်ကိုင်ကြသည်။ နေ့စားအလုပ်လုပ်ကိုင်သူမှုများမှာ ၊ ကျပန်းအလုပ်သမားများအဖြစ် လုပ်ကိုင်ကြသည်။ စိုက်ပျိုးရေးလုပ်ငန်းများ တွင် တစ်နေ့လျှင် လုပ်အားခ ကျား(၈၀၀၀) ကျပ်၊ မ (၆၀၀၀) ကျပ် ရရှိကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ငွေချေးရန် အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရရှိပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ဧက လျှင် (၁၅၀,၀၀၀) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးငွေမှာ (၁,၅၀၀,၀၀၀) ကျပ် ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၄၂) ကျပ်နှုန်းဖြစ်သည်။

**၇။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

မကြီးကုန်းကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်းလမ်းကိုသာ အသုံးပြုလျက်ရှိပါသည်။ ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး သယ်ယူပို့ဆောင်ကဏ္ဍအနေဖြင့် စက်ဘီး (၅၀)စီး၊ မော်တော်ဆိုင်ကယ်(၉၀)စီး၊ သုံးဘီးဆိုင်ကယ်(၃)စီး၊ထော်လာဂျီ(၁၀)စီးနှင့် ကား (၁)စီး ဖြင့် သွားလာနေကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

မကြီးကုန်းကျေးရွာ မဟာဓာတ်အားလိုင်းရှိသောကြောင့် မီးအလင်းရောင်အတွက် လျှပ်စစ်မီးအသုံးပြုသူအိမ်ထောင်စု(၁၁၈)စု ရှိပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

**ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း**(၁၅၇)**လုံး၊ ရေဒီယို** (၃၀)**လုံး၊ တီဗွီ** (၅၀)**လုံး၊ ဂြိုလ်တုစလောင်း** (၂၀)**လုံး**ရှိပြီး အင်တာနက်လိုင်းချိတ်ဆက်မှုရှိပါသည်။

**၈။ ပညာရေး**

မကြီးကုန်းကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိပြီး အဆိုပါကျောင်းဆောင်မှာ (၃၀ပေ၊ ၇၀ပေ)စတုရန်းပေရှိပြီး အရည်အသွေးကောင်းမွန်မှုရှိပါသည်။ ကျောင်းအုပ် ဆရာမကြီး (၁) ဦး၊ လက်ထောက် ဆရာ(၁)ဦးနှင့် ဆရာမ (၃) ဦးရှိပါသည်။ ဆရာ၊ တပည့် အချိုးအားဖြင့်

(၄၀)အထက် ဖြစ်ပါသည်။ မူလွန်ကျောင်းတွင် လက်ရှိပညာသင်ကြားနေသူ ကျောင်းသား(၅၄) ဦးနှင့် ကျောင်းသူ(၆၃)ဦးရှိပါသည်။

အထက်တန်းကျောင်းသူ/သားများအနေဖြင့် ကျေးရွာအနီးရှိ ရှောက်တောကျေးရွာ အထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားလျက်ရှိပါသည်။ ကျေးရွာတွင်ရှိသောလူဦးရေများ အနက် ကျား(၂၅၅)ဦးနှင့် မ(၂၁၅)ဦးတို့သည် စာပေတတ်မြောက်မှုရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လူ့စွမ်းအားအမြစ်ကောင်းများ ရှိကြပါသည်။

**၉။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက** (၂)မိုင်အတွင်း **ကွာဝေးသော** မြို့နယ်ဆေးရုံ သွားရောက် **ကုသမှုခံယူရပါသည်။** အသေးစားကျန်းမာရေးနှင့်ပတ်သက်၍ **ကျန်းမာရေးနှင့်ဆိုင်သော ဆေးဝါးများကို** (၁)မိုင်ခန့် ကွာဝေးသော ဥယျာဉ်ကျစ်**ကျေးရွာအုပ်စု** ကျေးလက်ဆေးပေးခန်းနှင့် **ဆေးဆိုင်များတွင် ရရှိနိုင်ပြီး ဝယ်ယူရလွယ်ကူပါသည်။**

ကျေးရွာတွင် အဝီစိတုံကင်တွင်းနှင့် အဝီစိစက်တပ်တုံကင်များရှိပြီး ရေအရည်အသွေးမှာ အတင့်အတင့်ရှိပါသည်။ ကျေးရွာအတွင်း ရေသန့်စက်မရှိသောကြောင့် ရေသန့်စင်ရန်အတွက် ရေသန့်စက်လိုအပ်လျက် ရှိပါသည်။ ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စုမှာ (၁၃၆) အိမ် သုံးစွဲကြပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့ ယင်လုံအိမ်သာ သုံးစွဲကြသော်လည်း ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်မှာ အဓိကကျကြောင်း သုံးသပ်ဆွေးနွေးကြပါသည်။

**၁၀။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

မကြီးကုန်းကျေးရွာတွင် ဝါဆို၊ ဝါခေါင်လများတွင် ရေကြီးသော အချိန်များတွင် မုန်းရေ တက်ခြင်းများ ကြုံတွေ့ရပါသည်။

မကြီးကုန်းကျေးရွာတွင် ကျန်းမာရေးအနေဖြင့် လူများတွင် ဝါဆို၊ဝါခေါင်လများတွင် နှာစီးချောင်းဆိုးရောဂါများ အဖြစ်များကြပြီး တပေါင်းလတွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ ဖြစ်ပွားလေ့ရှိကြပါသည်။ တိရစ္ဆာန်ရောဂါများသည့် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊လျှာနာ ရောဂါနှင့် ကြက်၊ ဝက်၊ တုပ်ကွေးရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

**၁၁။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ**

မကြီးကုန်းကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးမှာ အမျိုးသား ဦးရေထက် နည်းပါးကြောင်း တွေ့ရှိရပါသည်။ ကောက်စိုက်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် အများဆုံး(၃၀၀၀) နှင့် အနည်းဆုံး(၂၅၀၀)ကျပ်ခန့် ရရှိကြသည်။ **နေ့စားအလုပ် လုပ်ကိုင်သူများမှာ တစ်နေ့လျှင် လုပ်အားခ** အများဆုံး **ကျား(၁၀၀၀၀) ကျပ်၊ မ(၈၀၀၀)ကျပ် ရရှိပါသည်။** ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသားများမှသာမကဘဲ အမျိုးသမီး

များလည်း ဦးဆောင်ပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။

ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မကြီးကုန်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ကဏ္ဍအလိုက် ဦးစားပေးစီမံချက်များ စာရင်း

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ဦးစားပေး အဆင့် | အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | မကြီးကုန်း | အခြေခံအဆောက်အဦ | ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း | ၁ | ကျေးလက်ဦးစီး | |
| ၂ | | အခြေခံအဆောက်အဦ | သန့်ရှင်းသောသောက်သုံးရေရရှိရေး<br>(ရေသန့်စင်စနစ်) | ၂ | ကျေးလက်ဦးစီး | |
| ၃ | | ပညာရေး | မူလတန်းကျောင်းခြံစည်းရိုးကာရံခြင်း | ၃ | ပညာရေး | |
| ၄ | | စိုက်ပျိုးရေး | စိုက်ပျိုးရေးအတွက်မျိုးကောင်းမျိုးသန့်ရရှိရေး | ၄ | စိုက်ပျိုးရေး | |
| ၅ | | စိုက်ပျိုးရေး | စိုက်ပျိုးရေးအတွက်စက်ယန္တရားများလုံလောက်စွာရရှိရေး | ၅ | ပညာရေး | |
| ၆ | | လူငယ်နှင့်အားကစား | စာကြည့်တိုက်တည်ဆောက်ခြင်းလုပ်ငန်း | ၆ | ပြန်/ဆက် | |
| ၇ | | ကျန်းမာရေး | ကျန်းမာရေးအသိပညာပေးသင်တန်း | ၇ | ကျန်းမာရေး | |
| ၈ | | ပညာရေး | မူကြိုကျောင်းဆောင်သစ်ရရှိရေး | ၈ | ပညာရေး | |
| ၉ | | စိုက်ပျိုးရေး | စိုက်ပျိုးရေးအတွက်သွင်းအားစုများလုံလောက်စွာရရှိရေး | ၉ | စိုက်ပျိုးရေး | |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၀ | | ကျန်းမာရေး | ကျန်းမာရေးအတွက်အားကစားပစ္စည်းများပံ့ပိုးရရှိရေး | ၁၀ | ကျန်းမာရေး | |
| ၁၁ | | ငွေကြေးဝန်ဆောင်မှု | မိသားစုဝင်ငွေတိုးပွားရေး ရင်းနှီးမြှုပ်နှံငွေရရှိရေး | ၁၁ | သမဝါယမဦးစီး | |
| ၁၂ | | အသက်မွေးဝမ်းကျောင်း | ဆိုင်ကယ်ပြင်သင်တန်း | ၁၂ | ကျေးလက်ဦးစီး | |
| ၁၃ | | အသက်မွေးဝမ်းကျောင်း | အခြေခံစက်ချုပ်သင်တန်း | ၁၃ | ကျေးလက်ဦးစီး | |
| ၁၄ | | လူငယ်နှင့်အားကစား | အားကစားကွင်းတည်ဆောက်ခြင်း | ၁၄ | စည်ပင်သာယာ | |
| ၁၅ | | အခြေခံအဆောက်အဦ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း | ၁၅ | ကျေးလက်ဦးစီး | |
| ၁၆ | | အသက်မွေးဝမ်းကျောင်း | စားသောက်ကုန်ထုတ်လုပ်မှုသင်တန်း | ၁၆ | ကျေးလက်ဦးစီး | |

## ဥယျာဉ်ကျစ်ကျေးရွာအုပ်စုမကြီးကုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | ကော်မတီဝင်အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးအောင်ကျော်ဝင်း | ဦးခင်မောင် | ၈/ပဖန(နိုင်)၀၃၄၆၄၁ | ၅၂ | ဥက္ကဋ္ဌ | ၀၉-၄၀၂၉၇၄၇၇၅ |
| ၂ | ဦးဇော်ဖုန်းမို | ဦးသန်းအောင် | ၈/ပဖန(နိုင်)၁၁၉၈၈၂ | ၃၁ | ဥက္ကဋ္ဌ(ဝယ်ယူရေး) | ၀၉-၄၄၂၃၉၆၂၇၆ |
| ၃ | ဒေါ်သန်းသန်း | ဦးဘို | ၈/ပဖန(နိုင်)၀၅၈၄၁၆ | ၆၄ | ဘဏ္ဍာရေးမှူး | ၀၉-၄၄၂၁၃၀၈၃၁ |
| ၄ | ဦးစိုးခိုင်ဝင်း | ဦးသန့်ဇင် | ၈/ပဖန(နိုင်)၀၈၇၅၈၈ | ၄၈ | အတွင်းရေးမှူး | ၀၉-၇၇၇၉၂၄၇၁၃ |
| ၅ | ဦးသိန်းလွင် | ဦးတင်မောင် | ၈/ပဖန(နိုင်)၀၃၄၄၆၃ | ၆၅ | စာရင်းကိုင် | ၀၉-၄၀၄၉၀၉၁၁၉ |
| ၆ | ဒေါ်ထက်ထက်စိုး | ဦးအောင်မြင့် | ၈/ပဖန(နိုင်)၁၁၉၉၈၂ | ၃၁ | အဖွဲ့ဝင် | ၀၉-၂၅၉၆၁၆၀၇၃ |
| ၇ | ဒေါ်လဲ့လဲ့ဝင်းလှိုင် | ဦးကျော်လင်း | ၈/ပဖန(နိုင်)၁၄၁၃၈၇ | ၃၃ | အဖွဲ့ဝင် | ၀၉-၄၄၃၅၆၁၂၀၄ |

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|
| | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | 10 | 9 | 0 | 0 |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | 20 | 35 | 0 | 0 |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | 21 | 30 | 0 | 0 |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | 49 | 38 | 0 | 0 |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | 120 | 105 | 0 | 0 |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | 20 | 34 | 0 | 0 |
| စုစုပေါင်း | | 240 | 251 | 0 | 0 |
| စုစုပေါင်း အိမ်ထောင်စု | | 0 | | | |

လေ့လာတွေ့ရှိချက်။ ။မကြီးကုန်းကျေးရွာတွင် အိမ်ထောင်စု(၁၃၆) စုရှိပြီး ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလုပ်လုပ်နိုင်သည့် အရွယ်များပြားစွာရှိခြင်း၊ တက်ညီလက်ညီဆောင်ရွက်ခြင်းကြောင့် ကျေးလက်လူနေမှု ဘဝမြင့်တင်ရေးအတွက် အလားအလာကောင်းသော ကျေးရွာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | 60 | 22 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 69 | 19 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0"> | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၁ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၀ | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0> | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0> | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / | 0 | 0 | 0 | 0 | | 0 | မြင့် ☑ လတ် |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ဝန်ထမ်း | | | | | | □ နိမ့် □ |
| ၁၈ | ကျန်းမာရေး | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် □ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် □ နိမ့် □ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် □ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် □ နိမ့် □ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် □ နိမ့် □ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |

လေ့လာတွေ့ရှိချက်။ ။မကြီးကုန်းကျေးရွာတွင် အဓိက စီးပွားရေးအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး စပါးကို အဓိက စိုက်ပျိုးကြပါသည်။ ကျပန်းလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် စိုက်ပျိုးရေး လုပ်သားများအဖြစ်လုပ်ကိုင်ကြကြောင်းလေ့လာတွေ့ရှိရပါသည်။

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | 8000 | 7000 | 6000 | 5000 |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | 0 | 0 | 0 | 0 |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | 0 | 0 | 0 | 0 |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | 0 | 0 | 0 | 0 |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | 0 | 0 | 0 | 0 |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | 0 | 0 | 0 | 0 |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | 0 | 0 | 0 | 0 |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | 0 | 0 | 0 | 0 |

| | | | | | | |
|---|---|---|---|---|---|---|
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလုပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | 0 | 0 | 0 | 0 |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | 0 | 0 | 0 | 0 |

လေ့လာတွေ့ရှိချက်။ ။မကြီးကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအတွက် တစ်နေ့ လုပ်အားခနှုန်းထားမှာ အမျိုးသားအများဆုံး ၈၀၀၀ကျပ်,အမျိုးသမီးအနည်းဆုံး ၇၀၀၀ကျပ် အမျိုးသားအနည်းဆုံး ၆၀၀၀ကျပ်၊ အမျိုးသမီး အနည်းဆုံး ၅၀၀၀ ကျပ်ရရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး |
|---|---|---|
| လယ်မြေ | 93.27 | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | 0.00 | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | 0.00 | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | 0.00 | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | 0.00 | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | 0.00 | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | 0.00 | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | 93.27 | |

လေ့လာတွေ့ရှိချက်။ ။မကြီးကုန်းကျေးရွာတွင် စိုက်ပျိုးမြေအားလုံး၏ မြေအရည်အသွေးမှာ အသင့်အတင့် ရှိပြီး ဆည်ရေဖြင့် စိုက်ပျိုးကြပါသည်။ ဆည်ရေသည် ရာသီအလိုက် အလုံအလောက်ရရှိသောကြောင့် သီးနှံအထွက်နှုန်းမှာ အသင့်အတင့်ရရှိပါသည်။ လယ်မြေများတွင် ဝမ်းစာဖူလုံစေရန်အတွက် စပါး၊ကုလားပဲ၊ နှမ်းကိုအဓိကစိုက်ပျိုးကြပါသည်။အများစုမှာ လယ်မြေအနည်းနှင့် အများပိုင်ဆိုင်ကြသော်လည်း မြေယာပိုင်ဆိုင်မှုမရှိသောအိမ်ထောင်စုများမှာနေ့စားအလုပ်လုပ်ကိုင်စားသောက်ကြောင်းလေ့လာတွေ့ရှိရပါသည်။

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝ အတိုင်းတွေ့ရှိနိုင်မှု | အသုံးချနိုင်မှု | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြု နိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စ သည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☑ အသုံးမပြု နိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင် များ) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြု နိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ် များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြု နိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြု နိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက် တူးတွင်း) | များ ☑ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြု နိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |

| | | | |
|---|---|---|---|
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော - ဒီရေတောများ | များ ☐ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

လေ့လာတွေ့ရှိချက်။ ။ မကြီးကုန်းကျေးရွာတွင် ဓါတ်သတ္တု နှင့် အခြားတွင်းထွက် သဘာဝ အရင်းအမြစ်များ သယံဇာတများထွက်ရှိခြင်းမရှိပါ။ကျောက်၊သဲ၊ကျောက်စရစ်များလည်းထွက်ရှိမှုမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ေ ာင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |

| | | | | |
|---|---|---|---|---|
| အိမ်ထောင်စု | 35 | 45 | 36 | 20 |

လေ့လာတွေ့ရှိချက်။ ။ မကြီးကုန်းကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု ၊ အလယ်အလတ်ရှိသောအိမ်ထောင်စု၊ မပြေလည်သော အိမ်ထောင်စု ၊အလွန်မပြေလည်သော အိမ်ထောင်စု တို့ရှိပြီး ဝမ်စာဖူလုံမှုမရှိသောအိမ်ထောင်စု နှင့်အလယ်အလတ် အိမ်ထောင်စုများတွင် နေ့စားအငှားလုပ်ကိုင်ကြပါသည်။ အဆင်ပြေ သောအိမ်ထောင်စုနှင့်နှင့်အလယ်အလတ် လူတန်းစားအိမ်ထောင်စုအ ေရအတွက်များပြီး ပိုင်ဆိုင်မှုတွင်လည်းများစွာ ပိုင်ဆိုင်ကြပါသည်ကိုလေ့လာတွေ့ရှိရပါသည်။

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီ)

| အချိန် ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | 20 | 10 | အခြားအစာပြောင်းလဲစား = 0<br>အစာလျှော့စား = 0<br>အထောက်အပံ့ယူ = 0<br>ချေးယူ = 10<br>လုပ်အားခကြိုယူ = 0 |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | 45 | 15 | အခြားအစာပြောင်းလဲစား = 0<br>အစာလျှော့စား = 0<br>အထောက်အပံ့ယူ = 0<br>ချေးယူ = 15<br>လုပ်အားခကြိုယူ = 0 |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | 71 | "20 | အခြားအစာပြောင်းလဲစား = 0<br>အစာလျှော့စား = 0<br>အထောက်အပံ့ယူ = 0<br>ချေးယူ = 0<br>လုပ်အားခကြိုယူ = 0 |

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အလွန်ဆင်းရဲသောအိမ်ထောင်စုမှာနည်းပါး တွေ့ရှိရပါသည်။ ၎င်းတို့၏ စားဝတ်နေရေးအတွက် ရရာကျပန်းအလုပ်ကို နေ့စ ဉ်လုပ်ကိုင်နေကြရသော်လည်း လုပ်ငန်းမှာနေ့စဉ်မရှိခြင်း၊ လုပ်ကိုင်ရန် အလုပ်များမှ ရာသီပေါ်ကာလများမှသာ ပေါ်များခြင်း ဖြစ်သည်။ ထို့ကြောင့် စားဝတ်နေရေးမှာ ပြေလည်မှုမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ |
|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက် | 2 | "4 |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | **1** | **1** |
| | အိမ်ထောင်စု အရေအတွက် | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | 15 | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | 15 | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | 0 | |

လေ့လာတွေ့ရှိချက်။ ။ မကြီးကုန်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ််အို ဖြင့်နှစ် အထက်အမျိုးသား(၂)ဦး၊အမျိုးသမီး(၄)ရှိပြီးရပ်ရွာမှကူညီစောင့်ရှောက်လျက်ရှိပါကြောင်းလေ့လာတွေ့ရှိရပါသည်။

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ**

| **ထိခိုက်လွယ်မှုအမျိုးအစား** | **ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)** | | | **စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)** | | |
|---|---|---|---|---|---|---|
| **သဘာဝဘေးအန္တရာယ်များ** | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| မြစ်ရေကြီးမှု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |

| | | | | | | |
|---|---|---|---|---|---|---|
| လျှပ်တပြတ်ရေကြီးခြင်း | ☐ | ☑ | ☐ | ☑ | ☐ | ☐ |
| မုန်တိုင်းဒီရေ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ဆူနာမီ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| တိုင်ဖုန်းမုန်တိုင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| လေဆင်နှာမောင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ငလျင် | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| အပူလှိုင်း | ☐ | ☑ | ☐ | ☑ | ☐ | ☐ |
| စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| အအေးလှိုင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မိုးသီးကြွေကျမှု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မိုးခေါင်ခြင်း | ☐ | ☑ | ☐ | ☑ | ☐ | ☐ |
| တောမီးလောင်ခြင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မြစ်ကမ်းပါးပြိုခြင်း | ☐ | ☑ | ☐ | ☑ | ☐ | ☐ |
| ကမ်းရိုးတန်းတိုက်စားမှု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မြေပြိုခြင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| **လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ** | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| စားနပ်ရိက္ခာမဖူလုံမှု | ☐ | ☐ | ☑ | ☑ | ☐ | ☐ |
| သဘာဝအရင်းအမြစ်ရှားပါးမှု<br>(မြေ၊ရေ) | ☐ | ☑ | ☐ | ☑ | ☐ | ☐ |
| မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| သစ်တောပြုန်းတီးခြင်း | ☐ | ☐ | ☑ | ☐ | ☐ | ☐ |
| ငှက်ဖျားရောဂါ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| တီဘီရောဂါ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ကိုယ်ခံအားကျဆင်းမှုရောဂါ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ကပ်ရောဂါ | ☐ | ☑ | ☐ | ☐ | ☑ | ☐ |
| ပြည်တွင်းပဋိပက္ခ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| လူကုန်ကူးခြင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ေ<br>ေးခက်ခဲခြင်းစသည် | ☑ | ☐ | ☐ | ☑ | ☐ | ☐ |

လေ့လာတွေ့ရှိချက်။ ။မကြီးကုန်းကျေးရွာတွင်သဘာဝဘေးအန္တရာယ်အနိမ့်ဆုံးဖြစ်ပြီး အပူလှိုင်းနှင့်မိုးခေါင်ခြင်းမှာ အလယ်အလတ်ဖြစ်ပြီး စားနပ်ရိက္ခာမဖူလုံမှု ၊သဘာဝအရင်းအမြစ်ရှားပါးမှုများမှာ အလယ်အလတ်ဖြစ်ပါသည်။ ကပ်ရောဂါကြောင့်ထိခိုင်လွယ်မှုနိမ့်ပါးကြောင်း တွေ့ရှိရပါသည်။ ကျေးရွာအနေဖြင့် ထိခိုက်လွယ်မှု လျော့နည်းရေးနှင့်လိုက်လျောညီထွေ ဖြစ်စေမည့်အစီအမံများ ချမှတ်ထားရှိမှု မရှိသလောက်နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ ) | | |
|---|---|---|---|---|---|---|
| **သဘာဝဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| လူငယ် | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ဆင်းရဲသားတောင်သူ | ☐ | ☑ | ☐ | ☑ | ☐ | ☐ |
| သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက် နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင် နေထိုင်သူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူ များ (IDP) | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မြေနိမ့်ပိုင်းနေထိုင်သူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ငါးကန်ပိုင်ရှင်များ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| လက်လုပ်လက်စားများ၊ကျပန်းများ | ☐ | ☑ | ☐ | ☑ | ☐ | ☐ |

| | | | | | | |
|---|---|---|---|---|---|---|
| လူနည်းစုလူမျိုးများ | ☑ | ☐ | ☐ | ☐ | ☐ | ☐ |
| ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| နယ်စပ်ဒေသတွင်နေထိုင်သူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ရွှေတွင်းလုပ်သားများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| လှည့်လည်သွားလာ၍ဈေးရောင်းသူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| နေရပ်ပြန်အခြေချသူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ရွှေ့ပြောင်းလုပ်သားများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ကားမောင်းပြီးအသက်မွေးသူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |

လေ့လာတွေ့ရှိချက်။ ။ မကြီးကုန်းကျေးရွာတွင် လက်လုပ်လက်စား၊ဆင်းရဲသားတောင်သူများ မြေနိမ့်ပိုင်းနေထိုင်သူများမှာ အလယ်အလတ်တွင်ရှိကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးရေးကိုသာ အဓိကထား လုပ်ကိုင်ဆောင်ရွက်နေရခြင်းကြောင့် သဘာဝဘေးအန္တရာယ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားလာပါက ဝမ်းစာမဖူလုံမှုများ ဖြစ်ပွားလာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| 1 | ပရဟိတအဖွဲ့ | ☐ စီးပွားရေး အခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့စသည့်။ ☑ လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့ ။ | 4 | 3 | 7 | ☐ ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ ့ဖြိုးရေး ☑ | ☐ ကောင်း ☑ သင့် ☐ ညံ့ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | ☐ ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။ | | | | လုံခြုံရေးနှင့် ကာကွယ်ရေး | |
| 2 | ပရဟိတအဖွဲ့ | ☐ စီးပွားရေးအခြေခံသောအုပ်စု - လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့ စသည့်။ ☑ လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။ ☐ ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။ | 4 | 3 | 7 | ☐ ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး | ☐ ကောင်း ☑ သင့် ☐ ညံ့ |

လေ့လာတွေ့ရှိချက်။ ။မကြီးကုန်းကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် (၉)ဖွဲ့ရှိပါသည်။ အဆိုပါအဖွဲ့များအနေဖြင့် အချင်းချင်း ချိတ်ဆက်မှု အားကောင်းစွာဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက် နေမှုအနေဖြင့် အသင့်အတင်းအားကောင်းကြောင်း လေ့လာတွေ့ ရှိရပါသည်။

**ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| 3 | ငွေယမင်း | ☐ ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်) ☐ အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်) ☐ အရပ်ဘက်လူမှုအဖွဲ့အစည်း ☐ နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်) ☐ | ☐ ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး |

| | | နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)<br>☐ ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)<br>☑ ပုဂ္ဂလိကအဖွဲ့အစည်းများ | |
|---|---|---|---|

လေ့လာတွေ့ရှိချက်။ ။မကြီးကုန်းကျေးရွာတွင် ပြင်ပပုဂ္ဂလိကမှ ထောက်ပံ့ပေးသည့်အဖွဲ့အစည်း(၁)ဖွဲ့ရှိပြီး ရွာသူ/ရွာသားများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ချေးငွေများအလွယ်တကူ ရရှိနိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| မြေယာမဲ့ | 55 | 25 | မြေယာမဲ့ |
| ၂.၅ဧကအောက် | 41 | 15 | ဆင်းရဲသားတောင်သူ |
| ၂.၅ဧကမှ၅ဧကကြား | 30 | 7 | တောင်သူငယ် |
| ၅ဧကမှ၁၂.၅ဧကကြား | 10 | 0 | တောင်သူလတ် |
| ၁၂.၅ဧကအထက် | 0 | 0 | တောင်သူကြီး |

လေ့လာတွေ့ရှိချက်။ ။မကြီးကုန်းကျေးရွာတွင် မြေယာပိုင်ဆိုင်မှု အနေဖြင့် (၂.၅)ဧက အောက်ပိုင်ဆိုင်သူ (၄၁)ဦး၊၂.၅ဧကမှ၅ဧကကြား ပိုင်ဆိုင်သူ (၃၀)ဦးနှင့် ၅ဧကနှင့်(၁၂.၅)ဧက ကြား (၁၀)ဦး သာရှိသောကြောင့် ကျေးရွာတွင် လယ်မြေပိုင်ဆိုင်သူ(၈၇)ဦးသာရှိပြီး အခြားအိမ်ထောင်စုများအနေဖြင့် လက်သမား၊ပန်ရံနှင့် ကျပန်းလုပ်ငန်းကိုင်သူများရှိကြောင်းနှင့် လယ်မြေပိုင်ဆိုင်သူများအနေဖြင့် စပါးကိုသာ အဓိက စိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| အရင်း အမြစ် | ရေ သောက် (ဧက) | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခု ကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအ ခြေအနေ( မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|
| ဆည် | 94.26 | ☐တစ်နှစ်ပတ်လုံး ☑ ရာသီအလိုက် ☐ မဖြေဆိုပါ | ☑ရှိ ☐မရှိ ☐ မဖြေဆိုပါ | ☐လျော့ ☐တိုး ☑ အပြောင်းအလဲမရှိ |
| ရေလွှဲဆည် | 0.00 | ☑တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ | ☑ရှိ ☐မရှိ ☐ မဖြေဆိုပါ | ☑လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ |
| မြစ်ရေတင် | 0.00 | ☑တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ | ☑ရှိ ☐မရှိ ☐ မဖြေဆိုပါ | ☑လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ |
| ရေသွင်း မြောင်း | 0.00 | ☑တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ | ☑ရှိ ☐မရှိ ☐ မဖြေဆိုပါ | ☑လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ |
| အဝီစိတွင်း | 0.00 | ☑တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ | ☑ရှိ ☐မရှိ ☐ မဖြေဆိုပါ | ☑လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ |
| လက်ငင် ရေတွင်း | 0.00 | ☑တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ | ☑ရှိ ☐မရှိ ☐ မဖြေဆိုပါ | ☑လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ |
| စိမ့်စမ်းရေ | 0.00 | ☑တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ | ☑ရှိ ☐မရှိ ☐ မဖြေဆိုပါ | ☑လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ |

| | | | | |
|---|---|---|---|---|
| ချောင်းရေ | 0.00 | ☑တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ | ☑ရှိ ☐မရှိ ☐ မဖြေဆိုပါ | ☑လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ |

လေ့လာတွေ့ရှိချက် ။ ။ မကြီးကုန်းကျေးရွာတွင်စိုက်ပျိုးမြေ စုစုပေါင်း (၉၄.၂၆) ဧကရှိပြီး ဆည်ရေကိုသာ အဓိကထား စိုက်ပျိုးကြသည်။စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဆည်ရေကိုသာအသုံးပြုနေကြရပါသည်။ ထို့ကြောင့်ရာသီဥတုမှန်မှသာကျေးရွာ၏စိုက်ပျိုးသီးနှံများပိုမိုဖြစ်ထွန်းပြီးစီးပွားရေးလုပ်ငန်းများဆောင်ရွက် ရာတွင်အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေး ရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေး ရန်) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေး ရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | 94 | တင်း | 60 | 80 | 70 | ဩဂုတ် | ဇန်နဝါရီ | ☑ မြင့် ☐ လတ် ☐ နိမ့် | ☐ မြင့် ☑ လတ် ☐ နိမ့် | ☐ မြင့် ☑ လတ် ☐ နိမ့် |
| စပါး | 94 | တင်း | 60 | 80 | 70 | ဩဂုတ် | ဇန်နဝါရီ | ☑ မြင့် ☐ လတ် ☐ နိမ့် | ☐ မြင့် ☑ လတ် ☐ နိမ့် | ☐ မြင့် ☑ လတ် ☐ နိမ့် |

လေ့လာတွေ့ရှိချက်။ ။ မကြီးကုန်းကျေးရွာ၏ အဓိကစိုက်ပျိုးရေးမှာ စပါးဖြစ်ပါသည်။စပါးစိုက်ပျိုးမြေ ဧကစုစုပေါင်း(၉၄.၂၆) ဧကဖြစ်ပြီး ဩဂုတ်လမှ စတင်စိုက်ပျိုးပြီးဇန်နဝါရီလတွင် ရိတ်သိမ်းကြပါသည်။အထွက်နှုန်းးအများဆုံး(၈၀)အနည်းဆုံး(၇၀)တင်းတစ်ဧကပျမ်းမျှအထွက်နှုန်းမှာ(၇၀)တင်းဖြစ်သည်။သွင်းအားစုလိုအပ်ချက်မြင့်မားသောကြောင့်အကျိုးအမြတ်ရရှိမှု အခြေအနေမှာ အလယ်အလတ်ဖြစ်ပြီး ထိခိုက်လွယ်မှုမှာလည်း အလယ်အလတ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | 1 | 0 | 0 | 80 |
| လက်တွန်းထွန်စက် | 10 | 0 | 0 | 71 |
| အစေ့ချကိရိယာ | 0 | 0 | 0 | 0 |
| ရိတ်သိမ်းခြွေလှေ့စက် | 0 | 0 | 0 | 0 |
| ရိတ်သိမ်းစက် | 0 | 0 | 0 | 0 |
| ခြွေလှေ့စက် | 0 | 0 | 0 | 0 |
| ရေစုပ်စက် | 17 | 0 | 0 | 0 |
| ခြေနင်းရေတင်စက် | 0 | 0 | 0 | 0 |
| မြက်ရိတ်စက် | 0 | 0 | 0 | 0 |

လေ့လာတွေ့ရှိချက်။ ။မကြီးကုန်းကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာ လုံလောက်မှုမရှိပါ။ ငှားရမ်းသုံးစွဲပါက ထွန်စက်ကို တစ်နာရီ၅၅၀၀၀ ကျပ်ပေးရပါသည်။ တချို့အိမ်ထောင်စုများမှာလည်း ခိုင်းနွားကို လယ်မြေများထွန်ယက်စိုက်ပျိုးရာတွင် အသုံးပြုကြကြောင်းလေ့လာတွေ့ရှိရပါသည်။

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | ☐ အလွန်ကောင်း ☐ ကောင်း ☑ သင့်တင့်မျှတ ☐ မဖြေဆိုပါ |
| လယ်ယာမြေအသုံးချနိုင်မှု | ☐ အလွန်ကောင်း ☐ ကောင်း ☑ သင့်တင့်မျှတ ☐ မဖြေဆိုပါ |
| စိုက်ပျိုးရေအရင်းအမြစ် | ☐ ပေါများ ☑ အသင့်အတင့်ရှိ ☐ မဖြေဆိုပါ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | ☐ အလွယ်တကူရသည် ☑ ရသည် ☐ မဖြေဆိုပါ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | ☐ မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည် ☑ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေသြဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | ☐ လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☑ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေသြဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ | ☐ လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☑ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ |
| လုပ်သားရရှိနိုင်မှု | ☐ အလွယ်တကူရနိုင်သည် ☑ ရနိုင်သည် ☐ မဖြေဆိုပါ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | ☐ အလွယ်တကူရနိုင်သည် ☑ ရနိုင်သည် ☐ မဖြေဆိုပါ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | ☐ သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☑ သီးနှံများကိုရောင်းချနိုင်သည် ☐ မဖြေဆိုပါ |

| | |
|---|---|
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ☑ ထိခိုက်သည် ☐ မထိခိုက်ပါ ☐ မဖြေဆိုပါ |

လေ့လာတွေ့ရှိချက်။ ။မကြီးကုန်းကျေးရွာရှိ စိုက်ပျိုးမြေအားလုံး အသုံးချစိုက်ပျိုးအသုံးပြုနိုင်ပါသည်။ ရာသီဥတုကြောင့်ဖြစ်ပေါ်သည့် ဖျက်ပိုးများ ကျရောက်သည့်အခါ သီးနှံများ ထွက်နှုန်းလျော့နည်းပါသည်။ နည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ရယူနိုင်သော်လည်း သမရိုးကျနည်းလမ်းများကိုသာ သုံးစွဲကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

| **ပြဿနာနှင့်အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၂၀နှင့် ၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)** |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | ☐ မြေဆီလွှာမကောင်း ☑ ရာသီဥတုမမှန် ☐ မဖြေဆိုပါ |
| လယ်ယာမြေအသုံးချနိုင်မှု | ☑ လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ လပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ |
| စိုက်ပျိုးရေအရင်းအမြစ် | ☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ |
| ဈေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | ☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | ☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ |
| သဘာဝမြေဩဇာ / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | ☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ | ☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ |
| လုပ်သားရရှိနိုင်မှု | ☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ |

| | |
|---|---|
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆေ ာင်မှုများ | ☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ >မဖြေဆိုပါ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | ☑ သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ ☐ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ မဖြေဆိုပါ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ☑ ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☐ အနည်းငယ် ☐ မဖြေဆိုပါ |
| ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့်ပတ် သက်သောသတင်းအချက်အလက်လက်လှ မ်းမီမှု | ☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ |
| ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များန င့်သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလ က်လှမ်းမီမှု | ☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ >မဖြေဆိုပါ |

လေ့လာတွေ့ရှိချက်။ ။မကြီးကုန်းကျေးရွာတွင် ပြဿနာအခက်အခဲအဖြစ် တခါတရံတွင် ရာသီဥတုမမှန်ကန်မှုကြောင့်သီးနှံများပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်တတ်ပြီးသီးနှံဖျက်ပိုးများသည်အနည်းငယ်ကျရောက်တတ်ပါသည်။ စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှုများမှာလည်ိး စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်မှုအားနည်းကြောင်းလေ့လာတွေ့ရှိရပါသည်။

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| **မွေးမြူရေးနှင့်ငါးလုပ်ငန်း** | **မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသော အိမ်ထောင်စု** | **ကောင်ရေ** |
|---|---|---|
| မွေးမြူရေး | | |
| နွား | 18 | 49 |
| နို့စားနွား | 0 | 0 |
| ကျွဲ | 0 | 0 |

| | | |
|---|---|---|
| မြင်း | 0 | 0 |
| မြည်း | 0 | 0 |
| လား | | 0 |
| ဆိတ် | 0 | 0 |
| သိုး | 0 | 0 |
| ဝက် | 17 | 24 |
| ကြက် | 18 | 74 |
| ဘဲ | 0 | 0 |
| နွားနောက် | 0 | 0 |
| ငါးလုပ်ငန်း | | |
| ငါးကန် | 0 | 0 |
| ပုဇွန်ကန် | 0 | 0 |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | 0 | 0 |
| ရေချိုငါးဖမ်းလုပ်ငန်း | 0 | 0 |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | 0 | 0 |

လေ့လာတွေ့ရှိချက်။ ။မကြီးကုန်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်သာမွေးမြူကြပြီး စီးပွားဖြစ်မွေးမြူသူနည်းပါသည်။ နွားများအား စိုက်ပျိုးရေးလုပ်ငန်းများတွင် ထွန်ယက်အသုံးပြုနိုင်ရန်

အတွက် မွေးမြူကြပြီးကြက်၊ဝက်၊များအားအသားစားရန်အတွက်မွေးမြူကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၂၈) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၂ ၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| မွေးမြူရေး | |
| စားကျက်မြေ | ☐ ပေါများ ☑ အသင့်အတင့် ☐ မဖြေဆိုပါ |
| ရေရရှိမှု | ☑ အလုံအလောက်ရနိုင် ☐ အသင့်အတင့်ရနိုင် ☐ မဖြေဆိုပါ |
| မျိုးတိရစ္ဆာန်လက်လှမ်းမီမှု | ☐ မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူနိုင်သည် ☑ မျိုးကောင်းတိရစ္ဆာန်များလုံးဝဝယ်ယူမရပါ ☐ မဖြေဆိုပါ |
| ချေးငွေ | ☐ ချေးငွေလွယ်ကူစွာရနိုင် ☑ ချေးငွေအသင့်အတင့်ရနိုင် ☐ မဖြေဆိုပါ |
| သွင်းအားစု (မွေးမြူရေးအစာ၊ဆေးစသည်)ဈေးကွက် | ☑ သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည် ☐ သွင်းအားစုများဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ |
| ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု | ☐ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။ ☑ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။ ☐ မဖြေဆိုပါ |
| ထုတ်ကုန်ရောင်းဝယ်မှု | ☑ ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကိုရောင်းချနိုင်သည် ☐ မဖြေဆိုပါ |

| | |
|---|---|
| အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု | ☐ အလုံအလောက်ရှိသည် ☑ အသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ |
| ငါးလုပ်ငန်း | |
| ငါး/ပုဇွန်မွေးမြူရန်ရေမြေအနေအထား | ☑ အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ |
| ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု | ☑ လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ |
| ဈေးငွေ | ☑ လိုသလောက်လွယ်ကူစွာဈေးငွေရရှိနိုင်သည် ☐ ဈေးငွေရနိုင်သည် ☐ မဖြေဆိုပါ |
| သွင်းအားစုလက်လှမ်းမီမှု | ☑ သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည် ☐ သွင်းအားစုများဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | ☑ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။ ☐ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။ ☐ >မဖြေဆိုပါ |
| ထုတ်ကုန်ရောင်းဝယ်မှု | ☑ ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကိုရောင်းချနိုင်သည် ☐ မဖြေဆိုပါ |
| ငါးဖမ်းခွင့်ရရှိနိုင်မှု | ☑ လွယ်ကူသည် ☐ အသင့်အတင့်လွယ်ကူသည် ☐ မဖြေဆိုပါ |
| ရာသီဥတုအခြေအနေပြောင်းလဲမှု(အပူချိန်၊မိုးခေါင်ချိန်) | ☑ ထိခိုက်သည် ☐ မထိခိုက်ပါ ☐ မဖြေဆိုပါ |

လေ့လာတွေ့ရှိချက်။ ။ မကြီးကုန်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအား စီးပွားဖြစ် လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသော်လည်း တိရစ္ဆာန်များထိန်းကျောင်းရန်အတွက် ရေရရှိနိုင်မှု၊ မျိုးတိရစ္ဆာန်များဝယ်ယူနိုင်မှု၊ ဈေးငွေနှင့်အခြားသွင်းအားစုများအား နီးစပ်ရာကျေးရွာများနှင့် ရွာထဲတွင် အသင့်အတင့်ရရှိနိုင်သောကြောင့် တစ်ပိုင်တစ်နိုင်မွေးမြူကြကြောင်း လေ့လာတွေ့ရှိရပါသည်။

